Message Six

# သာ၍မြတ်သော ထမြောက်ခြင်းအခွင့်ကို ရရှိခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၊၃း၁၀-၁၄။ ရောမ၊ ၃း-၅။ ၈း၁၁။ ဗျာ၊ ၁း၁၇ခ-၁၈

**I. "သာ၍မြတ်သော ထမြောက်ခြင်း"ဆိုသည်မှာ အောင်မြင်သောသန့်ရှင်းသူများအဖို့ ဆုလာဘ်ဖြစ်မည့် သာ၍မြတ်သော ထမြောက်ခြင်း၊ အပိုဆုဖြစ်သော ထမြောက်ခြင်းကို ရည်ညွှန်းသည် - ဖိ၊ ၃း၁၁။ ဗျာ၊၂၀း၄၊ ၆။**

A. ခရစ်တော်၌ သေလွန်သော ယုံကြည်သူအားလုံးမှာ ကိုယ်တော်ပြန်ကြွလာသောအခါ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းတွင် ပါဝင်ဆက်ဆံကြရမည် ဖြစ်သည်- ၁သက်၊ ၄း၁၆။ ၁ကော၊၁၅း၅၂။

B. သခင်ဘုရား၏အောင်မြင်သူများမှာ ထိုထမြောက်ခြင်းတွင် သာ၍မြတ်သော ထမြောက်ခြင်း၊ အပိုဆုကို ဝမ်းမြောက်ကြရမည်ဖြစ်သည်။ ထိုထမြောက်ခြင်း၌ သူတို့သည် နိုင်ငံတော်၏ဆုလာဘ်ကို ရရှိလိမ့်မည် ဖြစ်သည်။ ဤအရာသည် ပေါလု ရှာဖွေခဲ့သောအရာ ဖြစ်သည်- ဖိ၊ ၃း၁၁။ ဟေဗြဲ၊၁၁း၃၅၊ ၂၆။

**II. ပေါလု အသက်ရှင်သည့်အရာမှာ သာ၍မြတ်သော ထမြောက်ခြင်းတည်းဟူသော ခရစ်တော်ဖြစ်သည် - ဖိ၊ ၁း၂၁က။ ၃း၁၁။**

A. ပေါလု၌ အသက်ရှင်တော်မူသည့် ခရစ်တော်သည် သူကိုယ်တော်တိုင်၏ ပုဂ္ဂိုလ်တော်၌ ရှိသောအရှင်၊ သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းဖြစ်သည် - ယော၊၁၁း၂၅။ ဗျာ၊၁း၁၇ခ-၁၈။ ၂း၈။

B. သာ၍မြတ်သော ထမြောက်ခြင်းဆိုသည်မှာ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတဆင့် ဖန်ဆင်းခြင်းအဟောင်းကို ဖြတ်ကျော်၍ ဘုရားသခင်အထဲသို့ဝင်ရောက်ခဲ့သော နှစ်လိုဖွယ်ကောင်းသော၊ အဖိုးထိုက်သော၊ ခရစ်တော်၏ထူးကဲသာလွန်သော ပုဂ္ဂိုလ်ပင် ဖြစ်သည် - ယော၊ ၁၄း ၃၊ ၂၀။ ဟေဗြဲ၊ ၆း၁၉-၂၀။

C. သာ၍မြတ်သောထမြောက်ခြင်းကို ရရှိခြင်းငှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်၌ သိကျွမ်းရန်၊ ကိုယ်တော်၏ ဆင်းရဲဒုက္ခခံခြင်းကို မိတ်သဟာယဖွဲ့ခြင်း၌ ကိုယ်တော်ကို သိကျွမ်းရန်၊ ကိုယ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်းအားဖြင့် ကိုယ်တော်ကို သိကျွမ်းရန် လိုအပ်သည် - ဖိ၊ ၃း၁၀-၁၁။

D. အငယ် ၁၃ နှင့် ၁၄ ၌ ပေါလုသည် သာ၍မြတ်သော ထမြောက်ခြင်းကို ကိုင်စွဲမိပြီဟု ကိုယ့်ကိုယ်ကို မမှတ်ယူကြောင်း ကျွန်ုပ်တို့မြင်ရသည်။ သူသည် ခရစ်တော်ယေရှု၌ ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် ဆိုင်သော ဆုကို ရခြင်းငှာ သာ၍မြတ်သော ထမြောက်ခြင်း ပန်းတိုးတိုင်သို့ လိုက်ပြေးခဲ့သည်။

**III. ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာတွင် ပန်းတိုင်ရှိသည်၊ ဤပန်းတိုင်သည် သာ၍မြတ်သော ထမြောက်ခြင်း၊ ထူးကဲသာလွန်သော ထမြောက်ခြင်း ဖြစ်သည် - အငယ်၊ ၁၁။**

A. ပေါလုသည် ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီရန် ဆန္ဒပြင်းပြသောကြောင့်၊ မည်သည့်နည်းနှင့်မဆို သေခြင်းမှ သာ၍မြတ်သော ထမြောက်ခြင်းသို့ ရောက်ရှိလိုခဲ့သည် - အငယ်၊ ၁၀။

B. ကျွန်ုပ်တို့ အသက်ရှင်ရမည့် ခရစ်တော်သည် သူကိုယ်တော်တိုင် သာ၍မြတ်သော ထမြောက်ခြင်း ဖြစ်တော်မူသည် - ၁း၂၁က။ ၃း၁၁။ ယော၊ ၁၁း၂၅။

C. ကျွန်ုပ်တို့အားလုံးသည် သာ၍မြတ်သော ထမြောက်ခြင်းဆီသို့ သွားရာလမ်းပေါ်တွင် ရှိနေကြသည်။ ထိုသာ၍မြတ်သော ထမြောက်ခြင်းသည် ကျွန်ုပ်တို့ ခရစ်ယာန်အသက်တာ၏ ပန်းတိုင်နှင့် ခရီးလမ်းဆုံး ဖြစ်ရမည် - ဖိ၊၃း၁၁-၁၅။

D. သာ၍မြတ်သော ထမြောက်ခြင်းသို့ သွားရာလမ်းသည် ရှင်ပြန်ထမြောက်ခြင်း၏ဖြစ်စဉ်အဆင့်ဆင့် ဖြစ်သည် - ရော၊၈း၁၁။

1. ဤဖြစ်စဉ်သည် ကျွန်ုပ်တို့ ဗတ္တိဇံခံသောနေ့တွင် စတင်ခဲ့ပြီး၊ သာလွန်ထူးမြတ်သော ထမြောက်ခြင်းသို့ ကျွန်ုပ်တို့ ရောက်ရှိသောအခါ ပြီးဆုံးမည်ဖြစ်သည် - ၆း၃-၅။

2. ကျွန်ုပ်တို့သည် ပန်းတိုင်သို့ရောက်ရန် သွားနေစဉ် ကျွန်ုပ်တို့ ထမြောက်ခြင်း ဖြစ်စဉ်၌ရှိနေကြသည်။ နောက်ဆုံး၌ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်းသည် ရှင်ပြန်ထမြောက်မည်ဖြစ်သည် - ၁သက်၊ ၅း၂၃။
3. ကျွန်ုပ်တို့သည် သာ၍မြတ်သော ထမြောက်ခြင်း ပန်းတိုင်သို့ မရောက်မချင်း ဤဖြစ်စဉ်၌ ဆက်လက်ရှိနေမည်ဖြစ်သည် - ဖိ၊ ၃း၁၁။

E. သာ၍မြတ်သော ထမြောက်ခြင်းကို ရရှိရန်မှာ သာ၍မြတ်သော ထမြောက်ခြင်းသို့ ရောက်ရှိရန်ဖြစ်သည်။ ဤသည်မှာ ဆုလာဘ်ရရှိရန်အတွက် ပြေးပွဲကို အောင်မြင်စွာ ပြေးရန် ကျွန်ုပ်တို့အား တောင်းဆိုနေသည်။

## IV. ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် သေခြင်းမှ သာ၍မြတ်သော ထမြောက်ခြင်းသို့ ရောက်ရှိနိုင်စေရန် ဖြစ်သည်။

A. သေခြင်းသည် သာ၍မြတ်သော ထမြောက်ခြင်းသို့ ကျွန်ုပ်တို့ ရောက်ရှိရန်အတွက် အခြေအနေ ဖြစ်သည် - အငယ်၊ ၁၁။

B. သာ၍မြတ်သော ထမြောက်ခြင်းသို့ ရောက်ရှိခြင်းသည် ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း၏ ရလဒ်၊ အကျိုး ဖြစ်သည် - အငယ်၊ ၁၀။

C. ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း၊ ပုံသွင်းခံခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သေခြင်း၌ အစဉ်ရှိနေရန် ဆိုလိုသည် - ရော၊ ၆း၆။ ဂလ၊ ၂း၂၀။ ဖိ၊ ၃း၁၀။

D. ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်းရှိပါက၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း အသက်တာ၌ ရှိမည်ဖြစ်သည်၊ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ဆုံမည်၊ ခရစ်တော်ကို တွေ့ကြုံခံစားမည်၊ ခရစ်တော် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိမည်ဖြစ်သည် - ယော၊၁၁း၂၅။ ဧ၊ ၃း၈။ ဖိ၊၁း၈၊ ၁၉၊ ၂၁က။ ၂း၅-၈။ ၃း၁၂။

E. ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်း၌ ဆက်ရှိနေပြီး၊ ၎င်း၏ ပုံသဏ္ဌာန်အထဲသို့ ပုံစံသွင်းခြင်းခံရန် မိမိကိုယ်ကို အခွင့်ပေးမည်ဆိုပါက၊ ထွက်ရှိလာသောရလာဒ်မှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအစိတ်အပိုင်းတိုင်း တဖြည်းဖြည်း ရှင်ပြန်ထမြောက်လာမည် ဖြစ်သည် - အငယ်၊ ၁၀-၁၁။

## V. သာ၍မြတ်သော ထမြောက်ခြင်းသို့ ရောက်ရှိခြင်းနှင့် စပ်လျဉ်း၍ အရေးကြီးသော မေးခွန်းတစ်ခုကို ကျွန်ုပ်တို့ မေးရန် လိုအပ်သည် - ကျွန်ုပ်တို့သည် ဤခေတ်ကာလ၌ သာ၍မြတ်သော ထမြောက်ခြင်း ပန်းတိုင်ကို ရောက်ရှိနိုင်မည်လော သို့မဟုတ် ကျွန်ုပ်တို့သည် ပြေးပွဲကိုသာ ပြေး၍ လာမည့်ခေတ်ကာလ၌ ပန်းတိုင်ရောက်ရှိရန် မျှော်လင့်ရမည်လော။

A. ကျွန်ုပ်တို့သည် သာ၍မြတ်သော ထမြောက်ခြင်း ပန်းတိုင်ရောက်ဖို့ရန် လာမည့်ခေတ်ကာလအထိ စောင့်ရမည်ဟု ထင်မှတ်ပြီး ဤခေတ်ကာလ၌ ဤပန်းတိုင်သို့ မရောက်ရှိခဲ့လျှင်၊ နောင်လာမည့်ခေတ်ကာလ၌လည်း ၎င်းကို ကျွန်ုပ်တို့ ရရှိလိမ့်မည် မဟုတ်ပေ။

B. ကျွန်ုပ်တို့၏ အသက်တာကာလအတွင်း သာ၍မြတ်သော ထမြောက်ခြင်းသို့ ရောက်ရှိရန် ကျွန်ုပ်တို့ ကြိုးစားသင့်သည် - အငယ်၊ ၁၁။

C. ရောမ၊ ၈း၁၁ ၌ ဤခေတ်ကာလတွင် သာ၍မြတ်သောထမြောက်ခြင်းကို ကျွန်ုပ်တို့ ရရှိနိုင်ကြောင်း ဖော်ပြထားသည်။

1. ဤကျမ်းပိုဒ်၌ ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော အရှင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ထဲ၌ ကိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ကိုယ်တော်သည် ကျွန်ုပ်တို့၏ သေနေသော ထိုအစိတ်အပိုင်း - ကျွန်ုပ်တို့၏ သေတတ်သော ကိုယ်ခန္ဓာကို အသက်ပေးတော်မူမည်ဟု ဆိုထားသည်။
2. အငယ်၊ ၁၁ ရှိ *အသက်ပေးခြင်း* ဆိုသည်မှာ အနာရောဂါပျောက်ကင်းစေခြင်းအကြောင်းကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့အထဲ၌ ကိုယ်တော်၏အိမ်ဆောက်လုပ်ရန်နှင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံး ဘုရားအသက်နှင့် ပျော်ဝင်ပြည့်ဝသွားစေရန် ဘုရားသခင်၏ ဝိညာဉ်တော်အား ကျွန်ုပ်တို့ အခွင့်ပေးခြင်း၏ အကျိုးရလဒ်ကို ရည်ညွှန်းခြင်းဖြစ်သည်။

**VI. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းသို့ ရောက်ရှိခြင်းမှာ ကျွန်ုပ်တို့၏ဖြစ်ခြင်း တစ်ခုလုံးသည် တဖြည်းဖြည်းနှင့် အစဉ်မပြတ် ရှင်ပြန်ထမြောက်ခြင်းရှိနေကြောင်း ရည်ညွှန်းသည် - ၁သက်၊ ၅း၂၃။**

A. ဘုရားသခင်သည် ရှေးဦးစွာ ကျွန်ုပ်တို့၏သေနေသော ဝိညာဉ်ကို ထမြောက်စေတော်မူပြီး၊ ထိုနောက် ကျွန်ုပ်တို့၏စိတ်ကို ထမြောက်စေကာ၊ ကျွန်ုပ်တို့၏ သေတတ်သော ကိုယ်ခန္ဓာထိတိုင် ကျွန်ုပ်တို့၏ ဖြစ်ခြင်း - ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ - တစ်ခုလုံးသည် ကိုယ်တော်နှင့် ကိုယ်တော်၏အသက်အားဖြင့် ကျွန်ုပ်တို့၏လူဟောင်းဖြစ်ခြင်းမှ လုံးလုံးအပြည့်အဝ ထမြောက်လာသည့်တိုင် ဆက်လက်လုပ်ဆောင်လျက်ရှိသည် - ဧ၊ ၂း၅-၆။ ရော၊ ၈း၆၊ ၁၁။

B. ဤသည်မှာ ဆုလာဘ်တည်းဟူသော သာ၍မြတ်သည့် ထမြောက်ခြင်းသို့ ရောက်သည့်တိုင် ပြေးပွဲကိုပြေးရန် အသက်တာ၌ ဖြတ်ကျော်ရမည့် ဖြစ်စဉ်အဆင့်ဆင့်ဖြစ်သည် - ဖိ၊ ၃း၁၁-၁၄။

C. ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်းရှိပါက၊ ကျွန်ုပ်တို့၏ဖြစ်ခြင်း အစိတ်အပိုင်းတိုင်းသည် တဖြည်းဖြည်း ထမြောက်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်အသက်တာသည် ရှင်ပြန်ထမြောက်ခြင်း၏ ဖြစ်စဉ်အဆင့်ဆင့် ဖြစ်သည်။

D. ကျွန်ုပ်တို့သည် ကားတိုင်ပေါ် အသေခံသောအသက်တာကို အသက်ရှင်ခြင်းအားဖြင့်သာ ဤပန်းတိုင်သို့ ရောက်ရှိနိုင်မည် ဖြစ်သည် - အငယ်၊ ၁၁။ ဂလ၊ ၂း၂၀။

**VII. ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီလာရန် လိုအပ်ပြီး ထိုနည်းလမ်းအားဖြင့် သေခြင်းမှ သာ၍မြတ်သော ထမြောက်ခြင်းကို ကျွန်ုပ်တို့ရရှိနိုင်မည်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရားအဖို့ ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ ဆက်လက် သွားရန် တစ်ခုတည်းသောနည်းလမ်း၊ သခင်ဘုရားအဖို့ ကိုယ်တော်၏အသင်းတော်ကို တည်ဆောက်ရန် တစ်ခုတည်းသော နည်းလမ်း၊ သတို့သမီးကို ပြင်ဆင်ရန် တစ်ခုတည်းသောနည်းလမ်းနှင့် သခင်ဘုရား ပြန်ကြွလာခြင်းကို ယူဆောင်ရန်တစ်ခုတည်း သော နည်းလမ်းပင်ဖြစ်သည်- ဖိ၊ ၃း၁၀-၁၁။ မ၊၁၆း၁၈၊ ဗျာ၊၁၉း၇-၉က။ ၂၂း၁၄၊ ၂၀။**

© 2023 Living Stream Ministry